ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

သမဝါယမဦးစီးဌာန

**နေပြည်တော်**

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအဆင့်ဆင့်(ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံး၊ မြို့နယ်ရုံး၊ သင်တန်းကျောင်း)နှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)တို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၁၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ) |
| (ခ) | ယာဉ်မောင်း(၅)/ ယာဉ်မောင်းစက်ပြင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၇ | အခြေခံပညာမူလတန်းအဆင့်ရှိသူ (ယာဉ်မောင်း"ခ"လိုင်စင်ရှိပြီး ယာဉ်ကိုကျွမ်းကျင်စွာမောင်းနှင်နိုင်သူ) |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၇၇ | သမဝါယမဦးစီးဌာနနှင့် ကောလိပ် အတွက်လျှောက်ထားသူများမှာ အခြေခံပညာအထက်တန်းအောင်နှင့်အထက်၊ သင်တန်းကျောင်းများအတွက်လျှောက်ထားသူများမှာ အခြေခံပညာအလယ်တန်းအောင်မြင်သူ |
| (ဃ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၄ | အခြေခံပညာမူလတန်းအဆင့်ရှိသူ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁၇-၁၀-၂၀၂၅)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) ဒေသခံများအား ဦးစားပေးစဉ်းစားမည်။ ဝေးလံသောဒေသများနှင့် သမဝါယမဦးစီးဌာနနှင့်ကောလိပ်များမှ လက်ရှိနေ့စားဝန်ထမ်းများဖြစ်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားပေးမည်။

(စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

(ဆ) အငယ်တန်းစာရေးရာထူးအတွက် လျှောက်ထားလာသူများတွင် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်း

ဆိုင်ရာပြစ်ဒဏ်တစ်မျိုးမျိုးကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် ထည့်သွင်းဖော်ပြလျှောက်ထားရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုး၍)ပူးတွဲတင်ပြရမည် -

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) **အငယ်တန်းစာရေးရာထူးအတွက်** ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ **ရုံးအကူရာထူးအတွက်** တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ **ယာဉ်မောင်း-၅/ယာဉ်မောင်းစက်ပြင်-၅ ရာထူးအတွက်** သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူနှင့်ယာဉ်မောင်းလိုင်စင်မိတ္တူ၊ **အစောင့်ရာထူးအတွက်** သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၏ ထောက်ခံချက်လက်မှတ်မိတ္တူ

(င) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၂)ပုံ(ဓါတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(စ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက်

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(သက်တမ်းတိုးပြီး)

(ဈ) ကျန်းမာကြောင်းဆေးထောက်ခံစာ [လွန်ခဲ့သော (၁)ပတ်အတွင်း]

(ည) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်

၄။ လျှောက်လွှာများကို သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာနရုံးများနှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊မန္တလေး)သို့(၁၀-၁၀-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော၊ စာရွက်စာတမ်းမပြည့်စုံသောလျှောက်လွှာများအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် သမဝါယမဦးစီးဌာန(ရုံးချုပ်)သို့(၁၇-၁၀-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။ **[ ကြိုတင်လျှောက်လွှာ(၁)စောင်ကို ရေးဖြေ ဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။ ]**

၆။ အငယ်တန်းစာရေးရာထူးအတွက် လျှောက်ထားသူများမှ အရည်အချင်းပြည့်မီသူများအား ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတဘာသာရပ်)နှင့် လူတွေ့စစ်ဆေးခြင်းကို သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနရုံးများနှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)တွင်ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုလိုသည့်နေရာအားလျှောက်လွှာတွင် ထင်ရှားစွာရေးသားဖော်ပြရန်နှင့် ဖြေဆိုရမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားသွားမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ရုံးအကူ/အစောင့်ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်း၊ ယာဉ်မောင်း-၅/ယာဉ်မောင်းစက်ပြင်-၅ ရာထူးအတွက် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကိုလည်းကောင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၈။ လျှောက်လွှာတွင်ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၉။ အသေးစိတ်သိရှိလိုပါက သမဝါယမဦးစီးဌာန(ရုံးချုပ်)၊ရုံးအမှတ်(၁၆)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၀၃၃၆)နှင့်လျှောက်လွှာတင်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနရုံးများနှင့် သမဝါယမကောလိပ်(ဖောင်ကြီး၊ မန္တလေး)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သမဝါယမဦးစီးဌာန(ရုံးချုပ်)